dvbdebate.com facebook.com/dvb.debateTwitter@dvbdebate

**DVB TV timetable**

| | | | |
|---|---|---|---|
| Sun | 19:15 | 21:00 | night repeat |
| Mon | 10:15 | 15:15 | 21:00 |
| Wed | 10:15 | 15:15 | 21:00 |
| Fri | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ်ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ်စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

*"What are the challenges for Ethnic Parties?"*

ဖြစ်ပါတယ်။ (S5-11)

- မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၂၉၂၇၄၃ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

**ဒီတစ်ပတ်မှာတော့ "ရွေးကောက်ပွဲအတွက် တိုင်းရင်းသားပါတီတွေမှာ ဘယ်လိုစိန်ခေါ်မှုတွေရှိနေလဲ" ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။**

၂၀၁၀ ရွေးကောက်ပွဲအရ တက်ရောက်လာခဲ့တဲ့ အစိုးရသစ် လက်ထက်မှာ ငြိမ်းချမ်းရေးဆွေးနွေးမှုတွေကို အင်တိုက်အားတိုက် လုပ်ဆောင်ပြီး တိုင်းရင်းသားပေါင်းစုံနဲ့ နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်ဆဲရေးသဘောတူညီချက်ရအောင် ကြိုးပမ်းနေခဲ့ပေမယ့် အစိုးရသစ်သက်တမ်းကုန်ခါနီး အခုချိန်ထိတော့ NCA အတွက် လက်မှတ်ထိုးဖို့ သဘောတူညီမှုအတွက် ခရီးပေါက်ဖို့က လက်တကမ်းအလိုကနေ မတင်မကျ ဖြစ်နေဆဲမှာ ရှိနေပါတယ်။

နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်ဆဲရေးအတွက် ဆောင်ရွက်နေတဲ့ Myanmar Peace Centre က အကြီးတန်း အကြံပေးတစ်ဦးဖြစ်သူ ဦးလှမောင်ရွှေရဲ့ Facebook စာမျက်နှာမှာ အောက်တိုဘာလ ၇ ရက်နေ့က " RCSS / SSA က NCA လက်မှတ် ရေးထိုး မယ်လို့ ဒီကနေ့ ကျင်းပတဲ့ သူတို့ရဲ့ ဗဟိုကော်မတီ အစည်းအဝေးက အတည်ပြုလိုက်ပါတယ်။ NCA လက်မှတ်ရေးထိုးဘို့ အစိုးရက ဖိတ်ကြားထားတဲ့ လက်နက်ကိုင်အဖွဲ့ ( ၁၅ ) ဖွဲ့ထဲက ( ၈ ) ဖွဲ့ က လက်မှတ်ရေးထိုးမယ်ဆိုတာ အကြောင်းပြန်ထားတယ်လို့ ပြောရပါမယ် ဒီကနေ့ တဖွဲ့စီက လက်မှတ်ရေးထိုးမယ့် ခေါင်းဆောင် ( ၃ ) ဦးစီရဲ့ အမည်စာရင်းကို အဖွဲ့ ( ၇ ) ဖွဲ့က ဝန်ကြီး ဦးအောင်မင်းထံသို့ ပေးပို့ခဲ့တာတွေ့ရပါတယ် RCSS က နောက်နေ့တွေမှာ ပေးပို့ပါလိမ့်မယ်။ NCA လက်မှတ်ထိုးဘို့ ( ၇ ) ရက် ပဲ လိုပါတော့တယ်။" လို့ ဖော်ပြထားတာ တွေ့ရပါတယ်။

ရွေးကောက်ပွဲနားနီးလာတဲ့ လတ်လောမှာတော့ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနဲ့ ကရင်ပြည်နယ်တို့မှာ တိုက်ပွဲတွေဖြစ်ပွားနေတာကြောင့် ဒီဒေသတွေမှာ စည်းရုံးရေး လုပ်ဆောင်ဖို့အတွက် အခက်အခဲရှိလာသလို ရွေးကောက်ပွဲကိုလည်း ထိခိုက်လာနိုင်မှာကို တိုင်းရင်းသားကိုယ်စားလှယ်လောင်း အချို့က စိုးရိမ် လျက်ရှိနေပါတယ်။ လက်ရှိမှာ လုံခြုံရေးအရ ကချင်ပြည်နယ်မှာ မဲရုံ ၁၀၀ ကျော်နဲ့ ကရင်ပြည်နယ်ဘက်မှာ ကျေးရွာ ၄၁ ခု ဒေသအတွင်း လုံခြုံရေး အခြေအနေကြောင့် မဲရုံမဖွင့်နိုင်ဘူးလို့ သက်ဆိုင်ရာပြည်နယ်တွေကပြောဆို ထားပါတယ်။

ဒ့ါအပြင် တစ်ချို့နယ်ဒေသတွေမှာ ပါတီကြီးတွေက ဝင်ရောက် ယှဉ်ပြိုင် လာမှုတွေအပေါ်လည်း အင်အားသေးပါတီ တွေတစ်ချို့က စိုးရိမ်မကင်းဖြစ်နေကြမှုတွေ၊ လမ်းပန်းဆက်သွယ်ရေးကြောင့် စိုးရိမ်လာကြရတဲ့ လုံခြုံရေး အခက်အခဲ စတဲ့ စိန်ခေါ်မှုတွေလည်း ရှိနေပါတယ်။

၂၀၁၅ ရွေးရွေးကောက်ပွဲမှာ တစ်နိုင်ငံလုံး မဲဆန္ဒနယ်ပေါင်း ၁၁၇၁ နေရာရှိတဲ့အထဲက ရွေးကောက်ပွဲမကျင်းပနိုင်တော့တဲ့ ၀ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသက ၁၂ နေရာကိုဖယ်လိုက်ရင် အားလုံး ၁၁၅၉ နေရာရှိပါတယ်။ တိုင်းရင်းသားပြည်နယ် ၇ ခုမှာ အမျိုးသားလွှတ်တော်နဲ့ပြည်သူ့လွှတ်တော် ၂ ရပ်ပေါင်းအတွက် ကိုယ်စားလှယ် ၁၁၇၄ ယောက်နဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အတွက် ၁၅၁၂ ယောက်ဝင်ရောက်ယှဉ်ပြိုင်သွားကြမှာဖြစ်ပါတယ်။ တိုက်ပွဲတွေ၊ နယ်မြေဒေသတွေက လမ်းပန်းဆက်သွယ်ရေး အခက်အခဲတွေကြောင့် လုံခြုံရေးအတွက် စိုးရိမ်နေရမှုတွေ စတာတွေနဲ့ တိုင်းရင်းသားဒေသတို့မှာ ရွေးကောက်ပွဲမှာ မဲဆွယ်စည်းရုံးရေးဆင်းနေတဲ့ ကိုယ်စားလှယ်လောင်းတွေ တွေ့ကြုံနေကြရတဲ့ စိန်ခေါ်မှုတွေအကြောင်း ဒီတစ်ပတ် အောက်တိုဘာ ၁၀ ရက်နေ့ ဒီဗွီဘီ ဒီဘိတ် ရွေးကောက်ပွဲ အထူးအစီအစဉ်အနေနဲ့ လားရှိုးမြို့မှာ ရိုက်ကူးရေး ပြုလုပ်မှာဖြစ် ပါတယ်။

**သူတို့အမြင်**

"အမှန်စင်စစ် ငြိမ်းချမ်းရေး ကိစ္စနှင့်ပက်သက်လျှင် အဆုံးအဖြတ်ပေးနိုင်သည့် အခန်းကဏ္ဍတွင် ရှိသည်မှာ တပ်မတော်သာဖြစ်သည်။ ဤအချက်ကို လက်နက်ကိုင် အင်အားစုများဖက်မှ နားလည်ဖို့ လိုမည်ထင်သည်။ ရွေးကောက်ပွဲ အဖြေကိုစောင့်ရင်း စောင့်ရင်း အချိန်တွေ ကုန်ခဲ့ရသည်မှာ ငြိမ်းချမ်းရေးသာမက အခြေခံဥပဒေပြင်ဆင်ရေး အတွက်ပါ ခရီးဖင့်စေသည်။ နောင်တက်လာမည့် အစိုးရသစ်အနေနှင့် ဤအချက်ကို အထူးစဉ်းစား စေချင်သည်။ အထူးသဖြင့် မြန်မာနိုင်ငံ၏ အထူးဂိသေသ လက္ခဏာများအရ `အားလုံးပါဝင်နိုင်ရေး´ (All Inclusive) ဖြစ်ဖို့ မလွယ်သည်ကို သတိချပ်စေချင်သည်။"

**ဦးကျော်ဝင်း** - စာရေးဆရာ

"ကျမတို့ဟာ တခြားပါတီအဖွဲ့အစည်းတွေနဲ့ ယှဉ်ပြီးတော့ အဖွဲ့ချုပ်ရဲ့ ကိုယ်စားလှယ်တွေဟာ အရွေးခံမှာပါ။ ဒီလိုကျမတို့ အရွေးခံတာဟာ တိုင်းရင်းသားတွေရဲ့ အခွင့်အရေးတွေကို ကျမတို့ နည်းသွားစေချင်လို့ မဟုတ်ပါဘူး။ ဗဟိုအစိုးရတခုဖွဲ့ပြီးတော့ တိုင်းရင်းသားတွေရဲ့အခွင့်ရေးတွေကို ပြည့်ပြည့်ဝဝ ကာကွယ်စောင့် ရှောက်မြင့်တင်ပေးချင်လို့ဖြစ်ပါတယ်။ ဗဟိုအစိုးရသာ လုပ်နိုင်မှာဖြစ်ပါတယ်။"
**ဒေါ်အောင်ဆန်းစုကြည်** - အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ

"မဲရုံမလုပ်နိုင်တဲ့နေရာတော့ မရှိဘူး။ မဲရုံနေရာရွှေ့တဲ့နေရာတွေတော့ ရှိတယ်။ အထူးသဖြင့်တော့ အားလုံးက ၃,၇၁၀ ရှိတယ်လေ။ အရေအတွက်တော့ မပြောင်းဘူး။ တမူးမြို့နယ်က မင်းသမီးရွာတို့၊ ဘာတို့ဆိုရင် သူတို့က အဲဒီရွာက ရွှေ့လိုက်ရတာကိုး။ ရွှေ့တဲ့နေရာမှာ စာသင်ကျောင်းဆောက်နေတယ်။ အဲဒီ စာသင်ကျောင်းလေး မှာပဲ မဲပေးဖို့ပေါ့။ နေရာပဲရွှေ့သွားမှာပေါ့။ တချို့ နေရာတွေမှာ ပေါင်းတာတွေလည်း ရှိတယ်။ အဲဒီအသေးစိတ် တွေကျတော့ သူတို့ မြို့နယ်တွေမှာပဲ အသေးစိတ်သိမယ်။ ကျနော်တို့ဆီလည်း တချို့တက်ဆဲ၊ တချို့ကလည်း လာဆဲပေါ့လေ။ ပျက်သွားတာတော့ မရှိဘူးထင်ပါတယ်။ကျေးရွာကလူတွေ၊ ပြည်သူလူထု ရွှေ့သွားတဲ့နေရာကိုပဲ ကျနော်တို့က အဆင်ပြေအောင် မဲရုံကို ရွှေ့ပေးမှာပါ။ လုံးဝမှ အဆောက်အဦးမရှိတဲ့ နေရာဆိုရင်လည်း ဆောက်ပေးဖို့အထိ စီစဉ်ထားပါတယ်။"

**စစ်ကိုင်းတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်**

*Information links:*

www.7daydaily.com
www.thevoicemyanmar.com
**www.**Burmese.dvb.no
**https://www.youtube.com/channel/UCH0tQh3CaE2Ek8IAJtgTwEA**